# လူရွှင်တော်နိဒါန်း

လူရွှင်တော် ရွှေဗစား

# ချစ်ချော



ဒိုင်းပန်းရှို ● ဝင်းကျော်စိုး

# ဒါရိုက်တာမောင်သီ (ဘသီ)၏ အမှာ စာ

'ချစ်ချော'နဲ့ သိခဲ့တာကြာခဲ့ပြီ။ မှတ်မှတ်ရရ (၂၀၀၈)ခုနှစ် နာဂစ်အပြီးလောက် ကတည်းက ဖြစ်မည်ထင်သည် ။ ထိုအခါက 'လူရွှင်တော်' မဖြစ်သေး။ FMI ရုံးတွင် ဝန်ထမ်းဘဝသာ ရှိသေးသည် ။ သို့သော် ဝါသနာအရ ပြက်လုံးအသစ်များ ဖန်တီးရေးသားကာ လူရွှင်တော်များကို ပညာဒါနပြုနေပြီ။ သူ့ပြက်လုံးမှာ ခေတ်အမြင်၊ ခေတ်အတွေးဆန်းသစ်ပြီး ထိရှသဖြင့် လူရွှင်တော်ကြီး/ငယ် များ အကြား ချစ်ချောဆိုသော နာမည်တစ်ခု ရေပန်းစားလျက် ရှိချေပြီ။ သူ့စာအုပ်ခေါင်းစဉ်အတိုင်း သူ၏ 'လူရွှင်တော်နိဒါန်း' အစမှာ ပင် ကျွန်တော်နှင့် သူ သိကျွမ်းခဲ့ပါသည် ။ ထို့နောက်ပိုင်း ကျွန်တော် စီစဉ်သော အငြိမ့်၊ ပြဇာတ်များ ၊ တီဗွီပရိုဂရမ်များ တွင် ဟာသပြက်လုံးများ ရေးရင်း MRTV-4 ဇာတ်ညွှန်းဌာနတွင် ကျွန်တော့် ထောက်ခံပေးမှုကြောင့် ပြင်ပ ဇာတ်ညွှန်းပညာရှင်အဖြစ် ဇာတ်ညွှန်း ရေးသားရင်း သူနဲ့ ကျွန်တော် ပိုမိုရင်းနှီးလာကာ ဆရာတပည့် ဖြစ်လာခဲ့ရသည် ။

လွန်ခဲ့သော (၆) နှစ်ကျော် Happy Beach ဇာတ်လမ်းတွဲ ရိုက်စဉ်ကတည်းက ဟာသနှင့် ပတ်သက်သော စာအုပ်တစ်အုပ် ရေးသားပြုစုရန် ကျွန်တော် သူ့ကို တိုက်တွန်းခဲ့သည် ။ သူကလည်း စိတ်ကူးရှိကြောင်းနှင့် ရေးပါမည်ဟု ကတိပေးခဲ့ဖူးသည် ။

အဆိုတော်တစ်ယောက် သီချင်းတစ်ပုဒ် ပေါက်သွားလျှင် တစ်သက်

လုံး ဒီသီချင်း တစ်ပုဒ်တည်း ဆိုသွားလို့ ရသည် ။ အဲဒီပေါက်သီချင်း မဆိုဘဲ စင်ပေါ်က ဆင်းသွားလျှင်ကို ပရိသတ် မကြေလည်ပေ။ လူရွှင်တော်ကျတော့ အဆိုတော်နှင့် ပြောင်းပြန်ဖြစ်သည် ။ ပြက်လုံးတစ်လုံး ပေါက်သွားလျှင် ပရိသတ်သိသွားလျှင် နောင်ပြက်ဖို့ မလွယ်တော့ပေ။ ရယ်အား နည်းသွားချေပြီ။ 'လူရွှင်တော်အသက် = ပြက်လုံး' ဖြစ်သဖြင့် ရေရှည် အောင်မြင်သော လူရွှင်တော်ကောင်း တစ်ယောက် ဖြစ်ဖို့ အတွက် ပြက်လုံး အသစ်အဆန်းများ အမြဲတစေ ဖန်တီးနေဖို့ လိုအပ်သည် ။

လူရွှင်တော်တိုင်းတွင် အားနည်းချက်၊ အားသာချက်များ ရှိကြသည် ။ အချို့က လေကောင်းပြီး မျက်နှာမမှန်။ တချို့က မျက်နှာခံကောင်းပြီး သန္ဓေမမှန်။ တချို့က မှတ်ဉာဏ် အားနည်းပြီး တိုက်ထား သမျှ တလွဲတွေချည်းပြော၊ သူ့ဘာသာ ဘောက်ပြောတော့ အဆင်ပြေ စသဖြင့် အမျိုးမျိုး ရှိသည် ။ ချစ်ချော အားနည်းချက်မှာ မျက်နှာနဲ့ လေဖြစ်ပြီး အားသာချက်မှာ ပြက်လုံး အသစ်အဆန်းများ ဖန်တီးမှု၌ သူမတူခြင်း ဖြစ်သည် ။ ထို့ကြောင့် လည်း စာအုပ်ရေးရန် ကျွန်တော် တိုက်တွန်းရခြင်း ဖြစ်သည် ။

ယခု ချစ်ချော၏ 'လူရွှင်တော်နိဒါန်း'စာအုပ် ပရိသတ်လက်သို့ ရောက်ရှိလာချေပြီ။ သူကြိုဝန်ခံ ခဲ့သလို ပြီးပြည့်စုံသော ကျမ်းစာအုပ် တစ်အုပ် မဟုတ်လင့်ကစား လူရွှင်တော် ဝါသနာရှင်များ နှင့် စာဖတ်ပရိသတ်များ အတွက် တစ်ထောင့်တစ်နေရာမှ အကျိုးပြုမည်ဟု ကား ကျွန်တော် မျှော်လင့်ပါ သည် ။

သူ့စာအုပ်ကို ဖတ်ကြည့်သောအခါ အလွယ်တကူ လေ့လာသင်ယူနိုင်သော ပညာရပ်ဆိုင်ရာ စာအုပ်တစ်အုပ်ထက် ဝေါဟာရ ဖွင့်ဆိုချက်တွေ များ လွန်းနေသဖြင့် အဘိဓာန် (Dictionary) ဆန်လွန်းသည် ဟု ထ

င်သည် ။ သို့သော် ဥပမာပြု စကားများ တွင် သူတီထွင်ရေးသားခဲ့သော ပြက်လုံး အသစ်များကို မည်သူမဆို လွတ်လပ်စွာ သုံးကြပါစေ ဟူသော ရည်ရွယ်ချက်ဖြင့် ဖော်ပြ ရေးသား ထားပေရာ သူ၏ စေတနာကို ကောင်းစွာ တွေ့လိုက်ရသည် ။

မည်သို့ဆိုစေ ဟာသဗေဒဆိုင်ရာ စာအုပ်များ အလွန့်လွန် ရှားပါးနေသည့် ခေတ်တွင် ချစ်ချော၏ 'လူရွှင်တော်နိဒါန်း'စာအုပ်ကို အားရဝမ်းသာ ကြိုဆိုလိုက်ရပါကြောင်း။

လူ့ဘဝဆိုတာ

အနီးကပ်ကြည့်ရင် ကြေကွဲဝမ်းနည်းစရာ

အဝေးကကြည့်ရင် ရယ်စရာ

**(ချာလီချက်ပလင်)**

ခပ်ဝေးဝေးက ကြည့်နိုင်ကြပါစေ။

**မောင်သိ**

*****

မင်္ဂလာပါ၊ စာရေးဆရာ လူရွှင်တော် ချစ်ချောက ကျွန်ုပ်ကို အမှာ စာ ရေးပေးပါဆို၍ ကျွန်ုပ် ဘဝ၏ ပထမဦးဆုံး (အမှာ စာ) ဆိုသည် ကို ရေးသားမိခြင်း ဖြစ်ပါ၏။ ထို့ကြောင့် အမှားပါက ခွင့်လွှတ် ကြပါကုန်။

အမှာ စာ ဆိုသော်ငြားလည်း မအားလပ်သည့် ကြားမှ အချိန်များ စွာ ကို နှစ်ပေါင်းများ စွာ ခက်ခက် ခဲခဲရယူ၍ လူရွှင်တော်ပညာအား စာတွေ့၊ လက်တွေ့၊ မျက်တွေ့များ ဖြင့် ကျားကုတ်ကျားခဲ ရှာဖွေ ဆည်း ပူးကာ မြန်မာ့သဘင် အနုပညာနှင့် လူရွှင်တော်သမိုင်းတွင် မရှိခဲ့ဖူး သေးသော နောင် အနာဂတ်တွင် မရှိမဖြစ် လိုအပ်လာမည် ဖြစ်သော လူ ရွှင်တော်နိဒါန်း စာအုပ်ကြီးအား ရေးသားနိုင်ခဲ့သည့် ဆရာ ချစ်ချော၏ ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် မြန်မာ့လူရွှင်တော် ပညာအပေါ် ထားရှိသည့် ဝါသ နာ၊ ဆန္ဒ၊ မြင့်မြတ်သည့် ရည်မှန်းချက် စေတနာတို့ ကို လေးစားစွာ ဂု ဏ်ပြုလိုက်သည့် စာတစ်ပုဒ် ဖြစ်ပါသည် ။

ကျွန်ုပ်တို့ လူရွှင်တော်ပညာ စတင်ရာတွင် ကိုယ်နှစ်သက် လေးစား သော လူရွှင်တော် ဆရာကြီး များ ထံ အနည်းဆုံး သုံးနှစ် သုံးမိုး လိုက် သင်ရ၏။ ဆရာကြီး၏ ဝေယျာဝစ္စ အားလုံးကိုလည်း ခြေဆုပ် လက်န ယ် ဆောင်ရွက်ကြ၏။ ဆရာကြီးများကလည်း အားသည် နှင့် လူရွှင် တော်ပညာ သာမက အနေအထိုင် အပြောအဆိုတွေပါ သင်ပေးကြ၏။ ယခု ဤစာအုပ်ကို ဖတ်မိပါက ဆရာကြီးများ အနားမှာ ထိုင်သင်သလို အကျိုးရှိပါမည်။ နားမလည်သည် ရှိခဲ့သော် လက်ရှိဝါရင့် ဆရာများက ဤစာအုပ်ကို ဖတ်၍ လွယ်ကူစွာ ရှင်းလင်းပေးနိုင်မည် ဖြစ်ပါသည် ။

လူရွှင်တော်အကြောင်းကို လေ့လာလျှင် လူရွှင်တော်၏ သမိုင်းအစ ကို သိသင့်သိထိုက်ပေ၏။ ယနေ့ လူရွှင်တော်လေး တချို့မှာ ထိုသို့

သင်ကြားမှု အားနည်းခဲ့ကြပေသည် ။ ယခုမူ ဤစာအုပ် ဖတ်ရုံဖြင့် ခရေစေ့တွင်းကျ သိကြမည်ဖြစ်ပါသည် ။

ရယ်စရာတိုင်း လူရွှင်တော်မဟုတ်ပါ။ ဥပမာ - ခပ်ဝဝ အဒေါ်ကြီးတစ်ဦး ငှက်ပျောခွံနင်းမိ၍ ကိုးရိုးကားရား ချော်လဲသွားပါက မြင်သူအများဝိုင်းလို့ ရယ်ကြမည် ဖြစ်၏။ သို့သော် ၎င်းအဖြစ် အပျက် ရယ်စရာများနှင့် လူရွှင်တော်တို့ ဖန်တီးသော ဟာသပညာရပ် ကွဲပြားခြားနားပုံကို ဤစာအုပ် ဖတ်ခြင်းဖြင့် သိနိုင်၍ ဟာသပညာ၏ အင်္ဂါရပ်များ ၊ အမျိုးအစားများ ၊ ဂုဏ်သတ္တိများကို ဤစာအုပ် ဖတ်ရုံဖြင့် သိနိုင်မည် ဖြစ်ပါသည် ။

လူရွှင်တော်ပညာအား သိရုံ၊ နားလည်ရုံ လေ့လာခြင်း မဟုတ်ဘဲ ကိုယ်တိုင် ဝါသနာပါ၍ ဟာသ လူရွှင်တော် ဖြစ်ချင်သူများ အတွက် ပြက်လုံး အမျိုးအစားများကို လေ့လာကျက်မှတ်၍ ရနိုင်စွမ်းရှိသော စာအုပ်ပဲဖြစ်ပါသည် ။ ထိုပြက်လုံး အမျိုးအစားများ ထဲမှ မိမိနှင့် လိုက်ဖက်မည့် ပြက်လုံးများ ရွေးချယ်၍ လက်တွေ့စင်ပေါ်တွင် ပြက်နိုင်သော ပြက်လုံးပြက်နည်း များကိုလည်း လွယ်ကူရှင်းလင်းစွာ နားလည် သဘောပေါက်၍ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက် အပြည့်ဖြင့် စင်ပေါ်တွင် ပြက်နိုင်မည့် အရည်အချင်း များ ပေးစွမ်းမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည် ။ မိမိကိုယ်တိုင် ဖန်တီး၍ လူရွှင်တော် ခေါင်းဆောင်အဖြစ် တင်ဆက် ကပြချင်သူများ အတွက်လည်း ကာလဒေသ အချိန်အခါနှင့် လိုက်ဖက် မည့် ပြက်လုံးများ တီထွင်နိုင်စွမ်းကိုလည်း ဤစာအုပ်က များ စွာကူညီ ထောက်ပံ့ပေးမည် ဖြစ်ပါသည် ။

ရုပ်သေး၊ ဆိုင်ဧည့်ခံ၊ နှစ်ပါးခွင်၊ အငြိမ့်ခန်းများ အပြင် ပြဇာတ်တွင်းမှ ဟာသဇာတ်ကွက်များ ရယ်ရအောင် ပြက်ရာတွင် ပြက်လုံး အမျိုးအ

စားများ ၊ ပြက်လုံး တည်ဆောက်ပုံများ ၊ မျက်နှာပေး ဟန်အမူအရာနှင့် လေယူလေသိမ်း လေသံအတက်အကျများ မတူညီသဖြင့် ဤစာအုပ်ကို ဖတ်ရှုပါက ကွဲပြားခြားနားစွာ သိရှိဖန်တီး သရုပ်ဆောင်နိုင်ကြမည် ဖြစ်ပါသည် ။

လူရွှင်တော်ကောင်း တစ်ဦး ဖြစ်ဖို့ ရန်အတွက် စကားပြောကောင်းရန်နှင့် အာဝဇ္ဇာန်း ရွှင်ရန် လည်း အရေးကြီးလှ၏။ ဆိုင်း၊ ဇာတ်၊ အငြိမ့် မည်သည့် ခွင်တွင် မဆို ပရိကံစကား ပြောရ၏။ သို့သော် ပြောနေကျ စကားပြောတာပဲ ဆိုပြီး လွယ်လွယ်ပြော၍ မရ၊ ဖျော်ဖြေသည့် အချိန်တွင် ပရိသတ်ကို ပရိကံ စကားဖြင့် စတင်မိတ်ဆက်ရမည် ဖြစ်၍ ပရိသတ်ရင်ထဲ ရောက်အောင် စိတ်ဝင်စားအောင် ပြောနိုင်ဖို့ အတွက် လွန်စွာအရေးကြီး၏။

သို့မှာ သာ မိမိကို ပရိသတ်က စိတ်ဝင်စားစွာ ကြည့်ရှုအားပေးမည် ဖြစ်ပြီး စိတ်ဝင်စားအောင် မပြောနိုင်ပါက ပရိသတ်မှ မိမိအပေါ် အလေးမထားမိတော့ဘဲ မိမိပြက်မည့် ပြက်လုံးများ တွင် ရယ်အား နည်းသွားမည် ဖြစ်သည် ။ ကပြရာတွင် လည်း မိမိမှာ (လမိုင်း)မကပ်ဘဲ ဖြစ်သွား တတ်ပါသည် ။ ထို့ကြောင့် စကားပြော ကျွမ်းကျင်မှုသည် ဟာသတင်ဆက်မှုအတွက် အရေးကြီးလှပါ၏။ ဤစာအုပ် တွင် စကားပြောခြင်း အတတ်ပညာများကိုလည်း နားလည် ကျွမ်းကျင်သည် အထိ ဖတ်ရှုလေ့လာ ကျက်မှတ်နိုင်မည် ဖြစ်ပါသည် ။

ပင်ကို ဩဇာကောင်းမွန်ပြီး အသံနိုင်နင်း သူများ အတွက်လည်း အသံနှင့် ပတ်သက်သည့် သံစဉ် ပြက်လုံးများကို တီထွင် ဖန်တီးနိုင်သည် အထိ ဤစာအုပ်တွင် လေ့လာကျက်မှတ်၍ လွယ်ကူစွာ ရရှိနိုင်မည် ဖြစ်ပါသည် ။

ကျွန်ုပ်သိသည့် လူရွှင်တော်ချစ်ချောမှာ ဘွဲ့ရ ပညာတတ်ဖြစ်၍ Com pany ကြီးတစ်ခုမှ အရာရှိတစ်ဦးလည်း ဖြစ်ပါသည် ။ အရာရှိဘဝဖြင့် ဟာသပညာကို လေ့လာရင်း ရာထူးရာခံများကို စွန့်လွှတ်ပြီး လူရွှင်တော် လောကသို့ ခြေစုံပစ်ဝင်ရောက်ကာ ဆရာကောင်း သမားကောင်း များ ဖြင့် လည်းကောင်း၊ သိမီသမျှ မိမိထက် ကြီးကြီးငယ်ငယ် လူရွှင်တော်များ ထံမှ လည်းကောင်း၊ စာပေ ဗဟု သုတ များမှ လည်းကောင်း အချိန်တိုအတွင်း ဝါသနာအား ကြီးမားစွာဖြင့် အပြင်းအထန် ဆည်းပူး လေ့လာသင်ကြား နာယူခဲ့သော လူရွှင်တော်ကောင်း တစ်ဦးလည်း ဖြစ်ပါသည် ။ ထို့အပြင် ကျွန်ုပ် အကြိမ်ကြိမ် ရေးသားရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့သော ဤလူရွှင်တော်နိဒါန်း ဟူသည့် စာအုပ်ကြီးကို အောင်မြင်စွာ ရေးသား ပြုစုနိုင်သောကြောင့် လူရွှင်တော်ချစ်ချောသည် လူရွှင်တော်နှင့် ဟာသပညာ သမိုင်းတွင် မော်ကွန်းတင်နိုင်သည့် လူစွမ်းကောင်းအဖြစ် ကျွန်ုပ် အသိအမှတ် ပြုရမည် ဖြစ်ပါသည် ။

အမှာ စာ ဆိုသည့် အတိုင်း မှာ ပါရစေ နှစ်ပေါင်းများ စွာ အချိန်ပေး ဆင်းရဲဒုက္ခခံ ဆည်းပူး သင်ယူမှ ရနိုင်သော မြန်မာ့လူရွှင်တော် ဟာသပညာရပ်များအား လူရွှင်တော်နိဒါန်း ဟူသည့် ဤစာအုပ်မှ ဖတ်မှတ်သင်ယူ လေ့လာသိရှိနိုင်မည် ဖြစ်ပါ၍ ဤစာအုပ်အား ပြီးဆုံးသည် အထိ ဖတ်ပါရန် အမှာ တော် ပါးလိုက်ပါရစေလား စာဖတ်သူ။

ဧရာ

*****

# ဆရာစဉ်လိုက် ဦးချကန်နေတော့ခြင်း

ကျွန်တော်၏ လူရွှင်တော်ဘဝ စတင်ဖြစ်တည်သည် မှ ယနေ့အချိန်အထိ ရင်ငွေ့ခိုလှုံ၊ ပညာရည်နို့ သောက်စို့ခွင့်ရခဲ့သော ကျေးဇူးရှင်ဆရာများကို ဤစာမျက်နှာမှ ဦးချကန်တော့ရင်း မှတ်တမ်း ရေးထိုးအပ်ပါသည် ။

အမှန်တွင် ဤဆရာများအားလုံးသည် နံပါတ်တစ်ချည်းဖြစ်ပါသည် ။ ရှေ့ဆုံးစာမျက်နှာ ပထမဆုံးအဖွင့်မှာ နေရာပေး မှတ်တမ်းတင်ရမည့်သူချည်းဖြစ်ပါသည် ။ အချို့မှာ ရှေးဦးအရင် တွေ့ဆုံခွင့် ရခဲ့သော်လည်း ကာလတိုလေးမျှသာ ခိုလှုံခွင့်ရခဲ့သော ဆရာများ လည်း ရှိပါသည် ။ အချို့မှာ နောက်မှ တွေ့ဆုံခွင့် ရခဲ့သော်လည်း ယနေ့အချိန်အထိ ရင်ငွေ့လှုံ ကျေးဇူးခံစား သင်ယူနေဆဲ ဆရာ များ လည်း ရှိပါသည် ။

မည်သူ့ကို ရှေ့ဆုံးတွင် ထား၍ နံပါတ်တစ် တပ်ပေးရမည်ဆိုသည်မှာ ကျွန်တော့်အတွက် အလွန်ခက်ခဲသော အရာတစ်ခုဖြစ်နေပါသည် ။ ထို့ကြောင့် ဆရာများအားလုံး လက်ခံပေးနိုင် လောက်မည့် အရှင်းဆုံးနည်းလမ်းအဖြစ် ဘဝဖြတ်သန်းမှု အစဉ်အလိုက် မှတ်တမ်းတင်ဖော်ပြ ဦးနှိမ်ချ လိုက်ပါသည် ။

**လူရွှင်တော်များ**

## ၁။ ဦးဖြူလေး(ကွယ်လွန်)

မထင်မရှား အငြိမ့်လူရွှင်တော်တစ်ဦး ဖြစ်ပါသည် ။ တစ်ရပ်ကွက်တည်း အတူနေသူဖြစ်၍ သူပွဲကရာတိုင်းတွင် လိုက်ပါကြည့်ရှုရန် ခေါ်သွားလေ့ရှိပါသည် ။ ပွဲနှင့် ရင်းနှီးမှု စတင်မိတ်ဆက် ပေးခဲ့သော ဆရာဖြစ်ပါသည် ။

## ၂။ ဦးဂျိုကာ

လူရွှင်တော်ပညာ အစွမ်းထက်သော်လည်း ရေးဘဝကံကြမ္မာ နည်းသောကြောင့် လျှမ်းလျှမ်း တောက် နာမည်မကြီးခဲ့ရရှာသည့် ဇာတ်လူရွှင်တော် တစ်ဦးဖြစ်ပါသည် ။ အရပ်ဆိုင်း၊ အရပ်ဒိုးပတ် ဝိုင်းများ တွင် အတူကပြရင်း လက်တွဲခေါ်ယူခဲ့သော သင်ဆရာ၊ မြင်ဆရာ၊ လက်ဦးဆရာ တစ်ဦး ဖြစ်ပါသည် ။

## ၃။ ဦးပြာလောင်

ချည်မျှင်နှင့် အထည်စက်ရုံ အငြိမ့်အဖွဲ့မှ လူရွှင်တော်တစ်ဦး ဖြစ်ပါသည် ။ ၁၉၉၆-၉၇ နိုင်ငံတော် အဆင့် အငြိမ့်ပြိုင်ပွဲတွင် ရခိုင်ပြည်နယ် ကိုယ်စားပြုသော လေးဝတီအငြိမ့် အဖွဲ့မှ ပါဝင်ယှဉ်ပြိုင် ခဲ့ပါသည် ။ ထို့နောက် တစ်ခိုင်လုံးရွှေ အေးအေးမြင့် အငြိမ့်အဖွဲ့တွင် ပါဝင်ကပြခဲ့ပါသည် ။ လူရွှင်တော် ကြီး ဦးစွပ်ပရား၏ ညီယောက်ဖလည်း ဖြစ်သည် ။

ကျွန်တော့်အား တစ်ခိုင်လုံးရွှေ အေးအေးမြင့်အဖွဲ့သို့ မိတ်ဆက် ခေါ်ဆောင်ပေးခဲ့သည် ။

ကျွန်တော့်ဘဝတွင် ပထမဦးဆုံး ပြက်လုံး တွေးတတ်အောင်၊ ပြက်

လုံး ရှာတတ်အောင် သင်ကြား ပေးခဲ့သော ဆရာလည်း ဖြစ်သည် ။

## ၄။ ဦးဥသြ

ယခုအခါ မိုးဒီ၊ မော့စ်၊ စိန်ရိုး၊ တိမ်ညွန့်၊ ဥသြ ဟူသောအတွဲထဲမှ နာမည်ကျော် ရုပ်ရှင် သရုပ်ဆောင် လူရွှင်တော် ဦးဥသြ ဖြစ်ပါသည် ။

ဦးပြာလောင်က ကျွန်တော့်ကို သူ့လက်ထဲသို့ လွှဲပြောင်း အပ်နှံသော အခါ လိုလိုလားလား လက်ခံယူပြီး အပင်ပန်းခံ သင်ကြားပေးခဲ့သော အန္တေဝါသိက ဆရာတစ်ဦးလည်း ဖြစ်ပါသည် ။

လေမကျ၊ မိုးမကျ၊ မျက်နှာမကျသော "ဇာတ်လုံးစိမ်း" ကျွန်တော့်အား သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အဖြစ်သာမက၊ တင်ဆရာ၊ ပြင်ဆရာ၊ တားဆရာအဖြစ် ခက်ခက်ခဲခဲ သင်ပေး၊ ပြင်ပေးခဲ့ ရပါသည် ။

ခေါက်ရိုးကျိုး ပြက်လုံးပုံစံများ ဖြင့် လူမရယ်အောင် ပြက်လုံးထုတ်သော ကျွန်တော့် အကျင့်ဆိုး များကို စိတ်ရှည်လက်ရှည် ပြုပြင်ပေးပြီး လူရွှင်တော်စစ်စစ် တစ်ယောက် ဖြစ်လာသည် အထိ (ယနေ့တိုင်) ရင်အုပ်မကွာ သင်ကြား စောင့်ရှောက်ပေးနေသော ကျေးဇူးရှင် ဆရာတစ်ဦး ဖြစ်ပါသည် ။

## ၅။ ဦးစွပ်ပရား(ကွယ်လွန်)

ဆရာနှင့် ထိတွေ့ခွင့်ရချိန်မှာ အလွန်တိုတောင်းပါသည် ။ တစ်ခိုင်လုံးရွှေ အေးအေးမြင့် အငြိမ့်အဖွဲ့တွင် ကျွန်တော့်အား ခင်မင်ကြင်နာစွာဖြင့် မွေးမြူခဲ့သူ ဖြစ်ပါသည် ။

သူ့အိမ်အထိခေါ်ယူပြီး ပြက်လုံးများ အကြောင်း တတွတ်တွတ် တဖွဖွပြောပြ၊ သင်ပြနေသည့် အချိန်များ သည် သူ၏ နောက်ဆုံးနေ့ရက်များ ဖြစ်ခဲ့သည် ကို ထိုစဉ်က ကျွန်တော် သတိမထားမိခဲ့ပါ။

ဤစာအုပ်တွင် ဆရာ(စွပ်ပရား)၏ နှုတ်ဖြင့်လမ်းညွှန်ခဲ့သော အကြောင်းအရာများ များ စွာ ပါဝင်ပါသည် ။ ဆရာ၏ နောက်ဆုံးထွက်သက်သည် ကျွန်တော့်လက်ပေါ်တွင် အဆုံးသတ်သွား ခဲ့သည် ကို ဝမ်းနည်းစွာ မှတ်မိနေပါသေးသည် ။

## ၆။ ဦးစိန်ရိုး

ပြက်လုံးဘုရင်ဟု နာမည်ကြီးသော လူရွှင်တော်ကြီး ဦးစိန်ရိုးထံ ကျွန်တော့်ဆရာ ဦးဥသြက လက်ဆင့်ကမ်း အပ်နှံပေးခဲ့ပါသည် ။

ထိုစဉ်က ကျွန်တော်သည် ဝါသနာရှင် လူရွှင်တော်၊ ကုမ္ပဏီဝန်ထမ်း မန်နေဂျာတစ်ဦး အဖြစ်မှ ဆရာ့နောက်သို့ ဆေးပေးမီးယူ လိုက်ပါရင်း သားသမီးရင်းနှင့် မခြား လက်တွဲအလုပ်လုပ်ခွင့် ရခဲ့ပါ သည် ။

ဆရာ့ထံမှ လူရွှင်တော် ပညာများ စွာကို လက်ဆင့်ကမ်း ရယူနိုင်ခဲ့ပါသည် ။

ကျွန်တော်၏ (ဝါသနာအရ ရှာဖွေတွေ့ရှိသော ပြက်လုံးကြမ်းများ ) ကုန်ကြမ်းများကို စင်ပေါ်သုံး ပြက်လုံးများ ဖြစ်အောင် ဆရာက ရွှေပေါ်ထိုး၊ ကော်ပတ်စား၊ အရောင်တင် ပေးခြင်းဖြင့် ကျွန်တော့်ကိုယ် ကျွန်တော် ယုံကြည်မှု Comfidence များ ရှိစေခဲ့ပါသည် ။ ဤစိတ်ဓာတ်၊ ဤယုံကြည်မှု များကြောင့် ဤစာအုပ်ဖြစ်ပေါ် လာသည် အထိ စွမ်းဆောင်နိုင်ခဲ့ခြင်းလည်း ဖြစ်ပါသည် ။

## ၇။ ဦးဓာတ်ရှင် (ဗကာဘိုဘိုးကြီး) (ကွယ်လွန်)

ဆရာဦးစိန်ရိုးက ဘဘဦးဓာတ်ရှင်ထံ ထပ်မံအပ်နှံ ပေးခဲ့ပြန်ပါသည်။ ဘဘ ဦးဓာတ်ရှင်နှင့် ကျွန်တော်သည် မြောက်ဥက္ကလာပ မြို့နယ်၊ တစ်မြို့နယ်အတွင်း အတူနေခွင့် ရခဲ့ခြင်းက ကျွန်တော့် အတွက် ကံကောင်းခြင်း လက်ဆောင် ရရှိခဲ့ခြင်းပင် ဖြစ်ပါသည်။

အသက်ကြီးပြီး စကားပြောဖော် လိုနေသော ဘဘ ဦးဓာတ်ရှင်အဖို့ ကျွန်တော်သည် စကားပြော ဖော် ဖြစ်ခွင့် ရရှိခဲ့ပါသည်။

ဘဘထံမှ ဓာတ်ပညာ၊ ဓာတ်စာ၊ ခုတ်စာ၊ စာပြောင်၊ သီချင်းရေးနည်းများ လုံလောက်စွာ ရရှိခဲ့ပါသည်။

သို့သော် ကျွန်တော် ကြာကြာ ကံမကောင်းခဲ့ပါ။ ဘဘနှင့် ကျွန်တော် ထိတွေ့ချိန် သိပ်ကြာကြာ မရလိုက်ပါ။ သင်ယူလေ့လာ၍ အားမရသေး၊ အရှိန်ကောင်းနေတုန်း အချိန်မှာ ပင် ဘဘသည် ကျွန်တော်နှင့် သူချစ်သော မိသားစု၊ သူချစ်သော အနုပညာလောကကို ကျောခိုင်း စွန့်ခွာသွားခဲ့ပါသည်။

## ၈။ ဦးရော

တစ်ခိုင်လုံးရွှေ အငြိမ့်စင်ပေါ်တွင် စတင်ထိတွေ့ခွင့် ရပြီးနောက် ကျွန်တော်သည် ရော၊ ကျော်ထူးတို့ ၏ ညှော့တပည့် ဖြစ်ချင်ခဲ့ပါသည်။ သူတို့ ၏ ရင်ခွင်တွင် ခိုဝင်ရန် အကြိမ်ကြိမ်ကြိုးစားခဲ့ သော်လည်း ဘဝကံကြမ္မာ မပေးခဲ့ပါ။

သို့သော် ကံအားလျော်စွာ ၂၀၀၇ ခုနှစ်၊ လူရွှင်တော် ရွှေဖလားပြိုင်ပွဲ

တွင် ဆရာ၏ ရင်ငွေ့ကို စတင်ခိုလှုံခွင့် ရခဲ့ပါသည်။ ဆရာ၏ အားပေးမှု၊ ဆရာ၏ ကူညီသင်ပြပေးမှုများ ဖြင့် လူရွှင်တော် ရွှေဖလားပြိုင်ပွဲ နှစ်ကြိမ်ပြိုင်ရာတွင် နှစ်ကြိမ်လုံး ပထမရရှိခဲ့ပါသည်။

ရှုံးပွဲများကြားတွင် စိတ်ဓာတ်ကျနေသော ကျွန်တော့်ကို လွင့်စဉ် ထွက်မသွားအောင် ထိန်းသိမ်း သင်ကြား မြေတောင်မြှောက်ပေးခဲ့သော ကျေးဇူးရှင်တစ်ဦး ဖြစ်ပါသည်။

## ၉။ ဦးကျော်ထူး

ဧရာ၊ ကျော်ထူးအတွဲမှ ဆရာ ကျော်ထူးဖြစ်ပါသည်။ သူ့ရင်ဘတ်ထဲတွင် အမြဲတမ်း ခိုလှုံခွင့် မရခဲ့သော်လည်း ခဏတာအားဖြင့် မကြာခဏ ခိုလှုံခွင့် ရခဲ့ပါသည်။

ထိုသို့ ခိုလှုံခွင့်ရခဲ့သည့် အချိန်တိုင်းတွင် လူရွှင်တော်ပညာနှင့် စာပေတို့ ကို အမြဲဆွေးနွေး သင်ကြားပေးလေ့ ရှိခဲ့ပါသည်။ ကိုယ်တိုင်လည်း စာအုပ်များ ရေးသားပြီး ကျွန်တော့်ကိုလည်း စာရေးရန် အကြိမ်ကြိမ် တိုက်တွန်းဆုံးမ၊ သင်ကြားပေးခဲ့သော ကျေးဇူးရှင်ဆရာ ဖြစ်ပါသည်။

## ၁၀။ ဦးမေတ္တာ

ကျွန်တော့်ကိုမွေးတော့ ဦးဥဩက မွေးခဲ့ရပါသည်။ ကျွန်တော့်ကို ကျွေးတော့ ဦးမေတ္တာက ကျွေးခဲ့ရပါသည်။ မေတ္တာ၊ ကွမ်းသီးအတွဲမှ မောင်မေတ္တာ ခေါ် ဦးမေတ္တာဖြစ်ပါသည်။ သူ့ကို ဆရာဟု ခေါ်လျှင်မကြိုက်၊ အစ်ကိုကြီးဟု ချစ်ခင်တန်ဖိုးထား ခေါ်တာကို ကြိုက်ပါသည်။

သူနှင့် အတူတွဲ၍ ပွဲပေါင်းများ စွာ ကခွင့်ရခဲ့ပါသည်။ "မေတ္တာရွှေစ

င်" အငြိမ့်အဖွဲ့ကို ကိုယ်တိုင် တည်ထောင်ပြီး ကျွန်တော့်ကို ခေါင်းဆော င်အဖြစ် နေရာပေး ထမင်းကျွေးခဲ့သော အစ်ကိုဆရာ ဖြစ်ပါ သည် ။ ပြ က်လုံး၊ ပြက်တတ်ရုံမက စာပေ၊ ယဉ်ကျေးမှုနှင့် လူမှုရေးအတွေးအခေါ် ဒဿန ပညာရပ်များ ၊ စာပေဟောပြောပွဲ ပညာရပ်များ ၊ သံချပ်ရေးနည်း ပညာရပ်များ ၊ မင်္ဂလာဆောင် အစီအစဉ်မှူး ပညာရပ်များကိုပါ သင်ကြား လေ့ကျင့်ပေးခဲ့သော အနီးကပ်ဆုံး ကျေး ဇူးရှင် အစ်ကိုဆရာတစ်ဦး ဖြစ်ပါသည် ။

*****

## ဒါရိုက်တာဆရာများ

### ၁။ ဦးဟန်မြမော်(တက္ကသိုလ် ဟန်မြမော်) (ကွယ်လွန်)

တစ်ခိုင်လုံးရွှေ အေးအေးမြင့်အဖွဲ့၏ ဩဇာတိက္ကမ ကြီးမားသော ဆ ရာတစ်ဦးဖြစ်ပါသည် ။

ဆရာ ဦးပြာလောင်က ပွဲကြည့်ရန် ခေါ်လာသော ကျွန်တော့်ကို "ဝါ သနာပါရင် စင်ပေါ်တက် ကပေါ့ကွ၊ ရော့ တောင်ရှည်ပတ်"ဟု ဆိုကာ ( ထိုစဉ်အခါက လူတိုင်း အလွယ်တကူ တက်နိုင်ရန် အခွင့်အရေးရခဲ့ သော) တစ်ခိုင်လုံးရွှေ အငြိမ့်စင်ပေါ်သို့ တင်ပေးခဲ့သော ဆရာလည်း ဖြ စ်ပါသည် ။

"မင်းပြက်လုံးတွေက ကောင်းတယ်ကွ၊ ဒါပေမဲ့ မင်း မပြတ်တတ် သေးဘူး၊ လာ နောက်ပွဲတွေ ဆက်လိုက်ခဲ့"ဟု ဆိုကာ ပြက်လုံး ပြတ်တ

တ်အောင် သင်ပေးခဲ့သောဆရာ။

တစ်ခိုင်လုံးရွှေအဖွဲ့၏ လူရွှင်တော် နောက်ဆုံးမျိုးဆက် "ပွမ်ပွမ်နှင့် ချစ်ချော"ကို မွေးထုတ် ပေးခဲ့သော ကျေးဇူးရှင်ဆရာ၏ နောက်ဆုံး ထွက်သက်လည်း ကျွန်တော်နှင့် ပွမ်ပွမ်တို့ ၏ ရင်ဘတ်ပေါ် လက်တင်ရင်း ထွက်ခွာ သွားခဲ့သည် ကိုလည်း ကြေကွဲလွမ်းဆွတ်စွာ သတိရ နေမိပါသည် ။

## ၂။ ဦးချိုင်းရှိန်

ဒါရိုက်တာ ချိုင်းရှိန်ဆိုလျှင် လူတိုင်း ကြောက်ကြပါသည် ။ စည်းကမ်းကြီးပြီး စကားပြော ပြတ်သောကြောင့် သူ့ကို ဖြုံကြပါသည် ။

ထိုဆရာသည် ကျွန်တော့်ကို ဇာတ်ညွှန်းတွေ ရေးခိုင်းပါသည် ။ ဘာမှ မသိ၊ ဘာမှ မတတ်ဘဲ ရေးပေးသော ဇာတ်ညွှန်းများကို ရအောင်ပြင်သုံးရင်း စိတ်ရှည်လက်ရှည် မြေတောင်မြှောက်ပေး ခဲ့ပါသည် ။

ကျွန်တော့်ကို ဇာတ်ညွှန်းအဖြစ်ရော၊ သရုပ်ဆောင် အဖြစ်ရော၊ မင်းသားအဖြစ်ပါ နေရာ ပေးခဲ့သော ဆရာဖြစ်ပါသည် ။ ဆရာ၏ စေတနာထားခဲ့မှုကြောင့် ဇာတ်ညွှန်းရေးရန် ကြောက်စိတ်များ လျော့ခဲ့ပါသည် ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုများ ရခဲ့ပါသည် ။

## ၃။ ဒါရိုက်တာ မောင်သီ (ဘသီ)

ဆရာ ဦးချိုင်းရှိန်နှင့် ကင်းကွာနေရသည့် ကာလတစ်ခုတွင် ဆရာမောင်သီ(ဘသီ) ရင်ခွင်ထဲသို့ သမ္မာဒေဝ နတ်သိကြားများက ကျွန်တော့်ကို တွန်းပို့လိုက်ကြပါသည် ။

ဟိုမရောက်၊ ဒီမရောက် မဖြစ်ညှစ်ကျယ် ယောင်ပေပေဖြစ်နေသော ကျွန်တော့်ကို ဆရာဦးသီက စနစ်တကျ ဆက်လက် သင်ကြားပေးခဲ့ပါသည် ။

ချောင်းသာ၊ ငွေဆောင်ဟိုတယ်များ တွင် သူနှင့် တစ်ခန်းတည်း နားခိုအိပ်စက်စေလျက် နေ့ရောညပါ သင်ကြားပြပေးသော ဆရာဖြစ်ပါသည် ။

ပြက်လုံးရေးနည်း စာအုပ်ကို ကိုယ်တိုင်ထုတ်၍ စက်မတင်ခင် ကျွန်တော့်ကို ဖတ်ပြရင်း သင်ကြား ပေးခဲ့သောဆရာ ဖြစ်ပါသည် ။

MRTV-4 ရုပ်သံဇာတ်လမ်း တွဲပေါင်းများ စွာ Program ပေါင်းများစွာကို ပါဝင်ရေးသားလျက် Professional Scriptor ဖြစ်အောင် နေရာပေး၊ ထမင်းကျွေး၊ မြေတောင်မြှောက်ပေးခဲ့သော ကျေးဇူးရှင် ဆရာတစ်ဦးဖြစ်ပြီး၊ ယနေ့တိုင် ဆရာနှင့် ရင်အုပ်မကွာ ကျေးဇူးခံယူနေရဆဲ ဖြစ်ပါသည် ။

## ၄။ ဒါရိုက်တာ ဘုန်းမြင့်အောင်

လူရွှင်တော်ဖလား၊ လူရွှင်တော်စတား၊ ဟာသရုပ်စုံ၊ သုခုမရင်ခွင် အငြိမ့်များ ရိုက်ရင်း ဆရာနှင့် လက်ပွန်းတတီး နေခွင့်ရခဲ့ပါသည် ။ ဆရာ၏ ကြေးထူမှုများ သည် ကျွန်တော်တို့ အတွက် ပညာရစေ ပါသည် ။

ဆရာ့လက်မှ ထွက်လာရသည့် အတွက် ကြိုက်သည့် နေရာ၊ ကြိုက်သည့် ပွဲ၊ ကြိုက်သည့် ခေါင်းစဉ်နှင့် လာခဲ့စမ်းပါ၊ အကောင်းဆုံး လုပ်ပြနိုင်ရမည် ဆိုသည့် သတ္တိ၊ ယုံကြည်မှု၊ အားမာန် များ လည်း ရရှိခဲ့ပါသည် ။

ဆရာ့ကြောင့် ပိုမိုကြိုးစားမိ လာပြီး၊ ဆရာ့ကြောင့် ရွှေဖလားချစ်ချော ဟူသော နာမည် တစ်လုံးဖြင့် လူရာဝင်ခွင့် ရနေခဲ့ရပါသည် ။

ထိုဆရာများ နှင့် တကွ အခြားအခြားသော သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အပေါင်းတို့ ၏ ကျေးဇူးဂုဏ်ရည်ကို စိတ်မှာ ရည်မှတ်၍ ၊ လက်ဆယ်ဖြာ ဦးထိပ်မိုး၍ ဤစာမျက်နှာမှ ရိုသေစွာ ရှိခိုးကန်တော့ပန်းဆင်အပ်ပါသည် ။

ချစ်ချော

လူရွှင်တော်ရွှေဖလား

*****

# ဆရာ့အတွက် ကဗျာ

ဆရာများ ထံမှ ကျွန်တော် အလိုချင်ဆုံးအရာ နှစ်ခုသာရှိပါသည် ။ ၁ ။ စေတနာ မေတ္တာနှင့် ၂။ ပညာတို့ သာ ဖြစ်ပါသည် ။ ဆရာတို့ ထံမှ စေတနာ မေတ္တာနှင့် ဆရာတို့ တတ်ထားသော ပညာမှ တစ်ပါး အခြားအကြောင်းအရာ ခေါင်းစဉ်တစ်ခုကိုမျှ ကျွန်တော် မပူဆာခဲ့ဖူးပါ၊ မ

တောင်းဆိုခဲ့ဖူးပါ၊ အကြောင်းအားလျော်စွာ ဆရာများက တာဝန်ပေး ခိုင်းစေလာမှုနှင့် ချီးမြှင့် မြှောက်စားမှုများကိုတော့ ကျေကျေနပ်နပ် ပီတိဝမ်းမြောက်စွာ ခံစားကျေနပ် ခဲ့ဖူးပါသည် ။ ထိုမှ တစ်ပါး ဆရာများ အပေါ်၌ မလိုဒေါသ လိုလောဘဖြင့် စိတ်အပြောင်းအလဲ လုံးဝ မဖြစ်ပေါ်ခဲ့ဖူးပါ။

သို့သော် အချို့သော တပည့်ဆိုသူများ သည် ဆရာဆိုသော လူတန်းစားကို မိမိကိုယ်ကျိုး အတွက် လိုအပ်သလို အသုံးချနေတတ် ကြသည် ကိုလည်း ဝမ်းနည်းဖွယ်ရာ တွေ့ကြုံနေရပါသည် ။

မိမိဆရာ ဆင်းရဲနွမ်းပါး နိမ့်ကျနေလျှင် မသိချင်ယောင် ဆောင်နေသော တပည့်များ ၊ မိမိဆရာ ဂုဏ်ငယ်နေလျှင် မမြင်ချင်ယောင် ဆောင်နေသော တပည့်များ များ စွာ ရှိနေတတ်ပါသည် ။ မိမိ ဆရာထက် အောင်မြင်ကျော်ကြားသူ၊ ဂုဏ်သတင်းထူးသူ၊ ကြွယ်ဝချမ်းသာသူ၊ အခွင့်အရေး ပိုရနိုင် သူကိုမြင်လျှင် လက်ရှိဆရာအား မသိကျေးကျွန် ဥပေက္ခာရှုထားပြီး ဆရာသစ်များ ထံ အလျင်အမြန် ပြေးဝင် ခိုလှုံတတ်ကြသော တပည့်များ နှင့် ကြုံရသောအခါ ပီတိကို စားခဲ့ရသော ဆရာ့ခမျာ ရင်နာစရာ ခံစားရပါသည် ။

ထို့ကြောင့် အထက်ပါကိစ္စမျိုး မကြုံတွေ့လျှင်သော် လည်းကောင်း၊ ကြုံတွေ့လာခဲ့လျှင်သော် လည်းကောင်း အသိသတိထား၍ ကြိုတင် ပြင်ဆင်ထားနိုင်ပါရန် အောက်ပါ သံဝေဂ၊ လောကဓံ ကဗျာလေးကို ဆရာ့ကိုယ်စား ကြိုတင်ရေးဖွဲ့ ထည့်သွင်းပူဇော်အပ်ပါသည် ။

## တပည့် နှင့် သတိ သံပေါက်

၁။ နာမည်ကြီးလျှင် ဆရာတင်၊ ဂုဏ်လိုချင်သော တပည့်များ ။

၂။ အလုပ်ပေးလျှင် ဆရာတင်၊ လမ်းပွင့်ချင်သော တပည့်များ ။

၃။ တိုက်ကားရှိလျှင် ဆရာတင်၊ ကပ်မြှောက်ချင်သော တပည့်များ ။

၄။ ပိုက်ဆံရှိလျှင် ဆရာတင်၊ လာဘ်ပွင့်ချင်သော တပည့်များ ။

၅။ ရာထူးရှိလျှင် ဆရာတင်၊ ပါးပြောင်ချင်သော တပည့်များ ။

၆။ နေရာပေးလျှင် ဆရာတင်၊ မာန်ထောင်ချင်သော တပည့်များ ။

၇။ လမ်းဖွင့်ပေးလျှင် ဆရာတင်၊ နင်းတက်ချင်သော တပည့်များ ။

၈။ နည်းနည်းတတ်လျှင် သွေးနားထင်၊ ပခုံးယှဉ်သော တပည့်များ ။

၉။ အခွင့်သာလျှင် လက်တုံ့ချင်၊ အမျက်ဝင်သော တပည့်များ ။

၁၀။ အောင်မြင်လာလျှင် ခြေမြှောက်ချင်၊ ကြွားဝါချင်သော တပည့်များ ။

၁၁။ နောက်ကွယ်ရောက်လျှင် အပြစ်တင်၊ ချိုးနှိမ်ချင်သော တပည့်များ ။

၁၂။ လူကွယ်ရာကျ အတင်းချ၊ ဒုက္ခပေးသော တပည့်များ ။

ထိုတပည့်များ ဝန်းရံထား

သင်ကား ပျက်ချိန်တန်ပြီတည်း။

ချစ်ချော
လူရွှင်တော်ရွှေဖလား

*****